**မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခြေရာခံစီမံကိန်း**
**ING ၏တုန့်ပြန်ဖြေကြားချက်**

**လုပ်ငန်းအမျိုးအစား ။ ။ ငွေကြေးနှင့်ဘဏ္ဍာလုပ်ငန်း**
**ဌာနချုပ်အခြေစိုက် ။ ။ နယ်သာလန်**

၁။ မြန်မာနိုင်ငံတွင် သင့်ကုမ္ပဏီအနေဖြင့် ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) လုပ်ငန်းဆောင်ရွက်မှုများ (သို့မဟုတ်) ထိုသို့လုပ်ဆောင်ရန် လေးလေးနက်နက်စဉ်းစားနေပါသလား။ အကယ်၍ မြန်မာနိုင်ငံအတွင်း ထိုသို့လုပ်ဆောင်ရန်စဉ်းစားနေသည်ဆိုလျှင် အဆိုပါရင်းနှီးမြှုပ်နှံမှုများ၏ သဘောသဘာဝ၊ မည်သည့်ပထဝီနေရာဒေသနှင့် မည်သည့်လူမှုအဖွဲ့အစည်းအပိုင်းတို့အား အကျိုးသက်ရောက်မှုရှိစေမည်ဆိုသည်ကို ဖော်ပြပေးပါ။

၁၉၉၈ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်လုပ်ငန်းမျိုးကိုမှ ငွေကြေးပံ့ပိုးမှုမပြုရန် ING မှ ဆုံးဖြတ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင်မူ ပြောင်းလဲလာသော ပြုပြင်ပြောင်းလဲမှုများကြောင့် ကျွန်ုပ်တို့၏ ချဉ်းကပ်မှုပုံစံကို ပြောင်းလဲခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် လက်ရှိပိတ်ဆို့အရေးယူမှုများအား လေးစားအသိအမှတ်ပြုပြီး မြန်မာနိုင်ငံနှင့်ငွေကြေးဆိုင်ရာပံ့ပိုးမှုများပြုရာတွင် အလေးအနက်ထား ဆောင်ရွက်လုပ်ကိုင်သွားပါမည်။

၂။ သင့်အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူမှုရေးဆိုင်ရာပဋိပက္ခများ ဖြစ်ပွားမှုမှ အကာအကွယ်အထောက်အပံ့ဖြစ်စေမည့် စီမံချက်များ၊ လုပ်ငန်းမူဝါဒများထားရှိပါသလား။ အဆိုပါမူဝါဒများနှင့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမည့် သင့်ကုမ္ပဏီအတွက် မည်သို့အကျိုးသက်ရောက်မှုရှိမည် ဆိုသည်ကို ဖော်ပြပေးပါ။ အကယ်၍သင့်ကုမ္ပဏီတွင် လူ့အခွင့်အရေးဆိုင်ရာ ကျင့်ဝတ်နှင့်မူဝါဒများထားရှိပါက ၎င်းတို့အား အင်တာနက်စာမျက်နှာများတွင် ဖြန့်ဝေထားနိုင်ပါသလား။

ကျွန်ုပ်တို့တွင် မူဝါဒများထားရှိဆောင်ရွက်ပါသည်။ မိမိတို့၏စံတန်ဘိုးများအပေါ် အကဲဖြတ်ပေးသည့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးစိန်ခေါ်မှုအဟန့်အတားများဆိုင်ရာ မူဝါဒ (Environmental and Social Risk policy framework (ESR))နှင့် လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်အား လေးစားတန်ဘိုးထားခြင်း မူဝါဒတို့ဖြစ်သည်။ ၎င်းမူဝါဒများနှင့် ကျွန်ုပ်တို့၏ အစီရင်ခံစာများအား အများပြည်သူအလွယ်တကူလေ့လာသိရှိနိုင်ရန် http://www.ing.com/ING-in-Society/Sustainability.htm တွင်လေ့လာနိုင်သည်။

၃။ သင့်အဖွဲ့အစည်း၌ မေးခွန်းနံပတ် ၂ တွင်ဖြေကြားခဲ့ စည်းမျဉ်းစည်းကမ်းများနှင့်မူဝါဒများအား လိုက်နာဆောင်ရွက်မှုရှိမရှိကို မည်သူကတာဝန်ယူခေါင်းဆောင်မှုပေးရပါသလဲ။

ESR မူဘောင်အား ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ မြီရှင်ကော်မတီနှင့်စီမံခန့်ခွဲမှုဘုတ်အဖွဲ့တို့မှ ထောက်ခံမှုပေးရသည်။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်သည့် အောက်ခြေအဆင့်တွင်မူ ESR မူဂါဒတို့အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် Credit Risk Committee နှင့် ပူးတွဲလုပ်ဆောင်ရသည့် သဘာဂပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ အခက်အခဲစွန့်စားမှုများဆိုင်ရာအဖွဲ့မှ ဦးဆောင်လုပ်ကိုင်သည်။ ESR အဖွဲ့အနေဖြင့် လူထုဆက်ဆံရေးမန်နေဂျာများ၊ ကြွေးမြီကော်မတီ (သို့မဟုတ်) စီမံခန့်ခွဲမှုဆိုင်ရာအဆင့်မြင့်အဖွဲ့(Senior Management Team) နှင့်သဘာဂပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက်လွယ်သည့် စီးပွားရေးလုပ်ငန်းများရှိ အလားအလာရှိသော လုပ်ငန်းဖောက်သည်များအား အကြံပြုရသည်။ ESR အနုတ်သဘောဆောင်သည့် အကြံပြုချက်များ အား ING ၏ အမြင့်ဆုံးကြွေးမြီကော်မတီ (သို့မဟုတ်) အလုပ်အမှုဆောင်ဘုတ်အဖွဲ့ကသာ ကင်းလွတ်ခွင့်ပေးနိုင်သည်။ လက်တွေ့တွင်မူ မိမိတို့တောင်းဆိုပိုင်ခွင့်ရှိသောအရာများအား ကင်းလွတ်ခွင့်ပေးသည့်ဖြစ်စဉ်များမှာ ရှားရှားပါးပါးသာရှိသည်။

၄။ အကယ်၍ သင်၏ အဖွဲ့အစည်းအတွင်းလူ့အခွင့်အရေးဆိုင်ရာမူဂါဒများနှင့် လုပ်ငန်းစဉ်များမရှိသေးပါက၊ အဆိုပါလိုအပ်ချက်တို့အား ပြင်ဆင်ထားရှိရန် အစီအစဉ်ရှိပါသလား။ အကယ်၍ရှိလျှင်မည်သို့သော အစီအမံဆောင်ရွက်မှုများလုပ်ဆောင်နေပါသလဲ။

မလိုအပ်ပါ။ မေးခွန်းနံပတ် ၂ နှင့် ၃ မှဖြေကြားချက်များအားလေ့လာပါ။

၅။ သင်၏အဖွဲ့အစည်းအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများအပါအဝင် လူမျိုးရေးနှင့်လူမှုရေးဆိုင်ရာ အကြမ်းဖက်မှုများ အစရှိသည့် ပဋိပက္ခများအား မည်ကဲ့သို့ကာကွယ် (သို့မဟုတ်) လျှော့နည်းစေရန် ကိုင်တွယ်ဖြေရှင်းပါသလဲ။ အဆိုပါအခြေအနေမျိုးအတွက်ထားရှိသည့် အဖွဲ့အစည်းဆိုင်ရာမူဂါဒများနှင့် လုပ်ငန်းအစဉ်များ၊ လူထုနှင့်ထိတွေ့ဆက်ဆံလျှက် အကျိုးရလဒ်များခွဲဝေခြင်းတို့နှင့် သက်ဆိုင်သည့်ဆွေးနွေးအဖြေရှာသည့် လုပ်ငန်းစဉ်များအားဖော်ပြပေးပါ။

ING မှ ငွေကြေးပံ့ပိုးမှုများအဆိုပြုလွှာအစောပိုင်းအဆင့်တွင် ESR မူဘောင်ပြဋ္ဌာန်းချက်များအား ကျင့်သုံးခြင်းဖြင့် ကုမ္ပဏီ တစ်ခုတွင်ကြုံတွေ့နိုင်ခြေရှိသည့် စိန်ခေါ်မှုများအားဖော်ထုတ်သိရှိနိုင်သည်။

ကျွန်ုပ်တို့အနေဖြင့် ချဉ်းကပ်မှုနှစ်သွယ်ဖြင့်လုပ်ဆောင်ပါသည်။

ING ၏ ESR မူဘောင်အား လုပ်ငန်းဖောက်သည်နှင့် ရောင်းဝယ်ခြင်းအဆင့်တွင်ကျင့်သုံးသည်။ ING အနေဖြင့် ဖောက်သည်ထံမှ ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုတစ်ခုခုအတွက် အမှာစာရောက်ရှိတိုင်း အဖွဲ့အစည်း၏ ESR မူဘောင်ဖြင့် ချင့်ချိန်သုံးသပ်ကာ လုပ်ဆောင်မှုများအပေါ်

မေးခွန်းများမေးမြန်းပြီး ကုမ္ပဏီအားမှတ်တမ်းတင်သည်။ တစ်စုံတစ်ရာသော စီးပွားရေးလုပ်ငန်းများသို့ဝင်ရောက်ရာတွင်လည်း အဆိုပါစီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် နောက်ထပ်လေ့လာသုံးသပ်မှုများ ဆောင်ရွက်ပါသည်။ ၎င်းအား ပုံဖော်ရလျှင် သဘာဝရင်းမြစ်များတူးဖော်ထုပ်ယူသည့် စီးပွားရေးကဏ္ဍအတွင်းရှိ မိမိတို့၏ အဓိကစီးပွားမိတ်ဖက်များနှင့်စီးပွားရေးပူးပေါင်းလုပ်ဆောင်မှုများ ပြုလုပ်သောအခါ သာမန်စီမံကိန်းတစ်ခုခုတွင်တွေ့ရသည့် အခက်အခဲစိန်ခေါ်မှုပုံစံနှင့် မတူသည်ကို တွေ့ရမည်ဖြစ်သည်။ အဖွဲ့အစည်းဆိုင်ရာမူဝါဒများသည် အကောင်းဆုံးနိုင်ငံတကာ အမူအကျင့်စံနှုန်းများနှင့် လိုက်လျောညီထွေမှု ရှိကောင်းရှိနိုင်မည်ဖြစ်သော်လည်း တစ်စုံတစ်ရာသော စီမံချက်တွင်မူ တိုင်းပြည်နှင့်စီမံကိန်းအမျိုးအစားအလိုက် အခက်အခဲစိန်ခေါ်မှုများမှာ တစ်မူခြားနားစွာ ထွက်ပေါ်လာနိုင်သည်။ ထိုသို့ဖြစ်လျှင် သေသေချာချာကိုင်တွယ်ဖြေရှင်းမှုနှင့် စောင့်ကြည့်လေ့လာမှုတို့လိုအပ်မည်ဖြစ်ပြီး (သို့မဟုတ်) မိမိတို့အဖွဲ့အစည်း၏ မျှော်လင့်မထားသည့် အခက်အခဲစိန်ခေါ်မှုများအဖြစ်မှတ်ယူသည်။

| *TRANSACTION ESR PERFORMANCE* | **CLIENT ESR PERFORMANCE** | | | |
|---|---|---|---|---|
| | **ABOVE INDUSTRY STANDARDS** | **INDUSTRY STANDARDS** | **BELOW INDUSTRY STANDARDS** | **DEFICIENT** |
| Transaction low risk | ESR low risk | ESR low risk | ESR midium risk | Unacceptable |
| Transaction High risk | ESR Medium risk | ESR high risk | ESR high risk | Unacceptable |
| Unacceptable | Unacceptable | Unacceptable | Unacceptable | Unacceptable |

အခြားသောငွေကြေးဆိုင်ရာစီးပွားရေးအဖွဲ့အစည်းများနှင့်ကွဲပြားသည့် ကျွန်ုပ်တို့၏ထူးခြားမှုမှာ ကျွန်ုပ်တို့အနေဖြင့် ESR မူဘောင်အားကျင့်သုံးရာတွင် စီးပွားမိတ်ဖက်များအား ကျင့်ဝတ်နှင့်အညီ ဆက်ဆံဆောင်ရွက်သည့်စနစ်ပင်ဖြစ်သည်။ အလိုအလျောက်စနစ်ဖြင့်ပြုလုပ်ထားသည့် ESR လေ့လာမှုဖြစ်စဉ်သည် တစ်ကမ္ဘာလုံးရှိ ING အဖွဲ့၏ အချက်အလက်များအား မှန်ကန်မှု ကိုက်ညီမှုနှင့် လွယ်ကူစွာ သတင်းအချက်အလက် ရယူနိုင်မှုစနစ်တို့ကို တိုးတက်ကောင်းမွန်စေသည်။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့၏ စီးပွားမိတ်ဖက်များ၏ သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများအား ကောင်းမွန်စွာစီမံခန့်ခွဲနိုင်စေရန် ကျွန်ုပ်တို့၏ လေ့လာမှုစနစ်နှင့် ESR ဆွေးနွေးမှုအား အလေးပေးဆောင်ရွက်သည်။

ကျွန်ုပ်တို့ထံမှ ငွေကြေးပံ့ပိုးမှုတောင်းခံထားသည့်စီးပွားရေး နယ်ပယ်ပေါ်မူတည်လျှက် အခြေအနေအမျိုးမျိုး၊ ချဉ်းကပ်မှုပုံစံအမျိုးမျိုးဖြင့်ဆောင်ရွက်သည်။ ESR မူဘောင်ရှိ လုပ်ငန်းကဏ္ဍအမျိုးအစားများ မူဝါဒတွင် လေ့လာပြီး လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများသည် ESR မူဘောင်၏ အဓိကကျသော အခြေခံများဖြစ်သည်ဟု မှတ်ယူစေလိုသည်။

၆။ သင်၏စီးပွားရေးရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) လုပ်ငန်းများဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အဖွဲ့အစည်းများ အနေဖြင့်လည်းကောင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်လည်းကောင်း မေးမြန်းသိရှိလိုသည်များရှိလျှင်မည်ကဲ့သို့ဆက်သွယ်နိုင်ပါသလဲ။

လုပ်ငန်းများရေရှည်တည်တံ့ရပ်တည်ရေးဌာနအား ချဉ်းကပ်ဆက်သွယ်နိုင်ပြီး ဤဂက်ဘ်ဆိုက်သို့ ဂင်ရောက်လေ့လာနိုင်သည်။ https://www.ing.com/Contact-form-Sustainability-department.htm

၇။ သင့်စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့်မေးခွန်းများအတွက် ဆက်လက်ပြီးဖိတ်ခေါ်လိုပါသည်။ အောက်ပါကဏ္ဍအသီးသီးအားဖြေရှင်းရန်အတွက် သင့်အဖွဲ့အစည်းအတွင် မူဂါဒနှင့်လုပ်ငန်းစဉ်များ ရှိပါသလား။ ရှိလျှင် အသေးစိတ်ဖော်ပြပေးပါ။

က။ ကျား-မ၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံသား၊ အစရှိသည်တို့အပေါ်ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေးဆိုင်ရာ မူဂါဒရှိပါသလား။

ရှိပါသည်။ ဤဂက်ဘ်ဆိုက်သို့ ဂင်ရောက်လေ့လာနိုင်သည်။ http://www.ing.com/ING-in-Society/Sustainability/What-matters/Engaging-our-employees.htm

ခ။ သင့် ကုမ္ပဏီတွင် လူ့အခွင့်အရေးလေးစားလိုက်နာမှုဆိုင်ရာ မူဂါဒများနှင့် လုပ်ငန်းအစီအမံများ ထားရှိပါသလား။ ၄င်းတို့သည် မိမိတို့၏ စီးပွားမိတ်ဖက်များထိ အကျိုးသက်ရောက်မှုရှိပါသလား။ အသေးစိတ်ဖော်ပြပေးပါ။

ဟုတ်ကဲ့၊ ရှိပါသည်။ အထက်ပါဖော်ပြချက်တွင်လေ့လာပါ။ စီးပွားမိတ်ဖက်များနှင့်ပတ်သက်လျှင်မူ အောက်ပါဂက်ဘ်ဆိုဒ်တွင် အသေးစိတ်လေ့လာနိုင်ပါသည်။ http://www.ing.com/ING-in-Society/Sustainability/What-matters/Promoting-responsible-lending-and-investment-practices.htm
ထို့အပြင် ကျွနိုပ်တို့၏ ရေရှည်တည်တံ့သော ထိန်းသိမ်းစောင့်ရှောက်မှု မူဂါဒအား http://www.ing.com/web/file?uuid=c5554af3-96cd-4ca9-afbc-b5e18d608f1d&owner=b03bc017-e0db-4b5d-abbf-003b12934429&contentid=29197 တွင်လေ့လာပါ။

ထို့အပြင် ING အနေဖြင့် Thun ဘဏ်များအဖွဲ့တွင် အဖွဲ့ဂင်အဖြစ်ပါဂင်လျှက်ရှိပြီး ဘဏ်လုပ်ငန်း နယ်ပယ်တွင် ကုလသမဂ္ဂ၏ စီးပွားရေးနှင့်လူ့အခွင့်ရေးဆိုင်ရာလမ်းညွှန်မူဂါဒများနှင့် OECD ၏ နိုင်ငံစုံ

စီးပွားရေးအဖွဲ့အစည်းများဆိုင်ရာ လမ်းညွှန်တို့အား မည်သို့အသုံးချနိုင်မည်ကို သုံးသပ်ဆွေးနွေးကြပါသည်။

အောက်ပါကြေငြာချက်များ၊သဘောတူညီချက်များတို့အပေါ် ကျွန်ုပ်တို့အနေဖြင့် ထောက်ခံမှုရှိပါသည်။

- နိုင်ငံတကာလူ့အခွင့်အရေးကြေငြာစာတမ်း၊ နိုင်ငံတကာအလုပ်သမားသမဂ္ဂ၏ ဗဟိုသဘောတူညီချက်များ၊ ကလေးသူငယ်များအခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာကျင့်ဝတ်စည်းမျဉ်းများ။

ထို့အပြင် ကျွန်ုပ်တို့အဖွဲ့အစည်းသည် အောက်ပါအဖွဲ့အစည်းများ၏ အဖွဲ့ဝင်လည်းဖြစ်သည်။ UNEP Finance Initiative Work Stream Social Issues, United Nations Global Compact, Thun Group of Banks အစရှိသည့်။

ကျွန်ုပ်တို့၏ထောက်ခံသဘောတူညီမှုရှိများနှင့်အဖွဲ့ဝင်ဖြစ်မှုများအားအသေးစိတ်ကို ၂၀၁၃ ခုနှစ်ထုတ် အစီရင်ခံစာ၏ စာမျက်နှာ ၁၇ တွင်အသေးစိတ်ဖတ်ရှုလေ့လာနိုင်ပြီး အောက်ပါဝက်ဘ်ဆိုဒ်တွင်လည်း လေ့လာနိုင်ပါသည်။ http://www.ing.com/ING-in-Society/Sustainability.htm